# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန၊
# မြေအသုံးချရေးဌာနခွဲ၊ တနင်္သာရီတိုင်းဒေသကြီး

## ၂၀၁၉-၂၀၂၀ ခုနှစ်
## လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ

ဒေါ်လှလှဝင်း
လ/ထညွှန်ကြားရေးမှူး
မြေအသုံးချရေးဌာန၊ ထားဝယ်မြို့

| လုပ်ငန်းလျာထားချက်နှင့်ဆောင်ရွက်နိုင်မှု | | | |
|---|---|---|---|
| စဉ် | အကြောင်းအရာ | ဆောင်ရွက်သည့်ခုနှစ် | |
| | | ၂၀၁၈–၂၀၁၉ | ၂၀၁၉–၂၀၂၀ |
| ၁။ | မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်း | | |
| | (က) မြေဩဇာစမ်းသပ်ကွက်များ | ၉ ကွက် | ၆ ကွက် |
| | (ခ) စံပြကွက်ဆောင်ရွက်မှုများ | ၁၁၉ ဧက | ၅၆ ဧက |
| ၂။ | မြေဆီလွှာပြုပြင်ရေးလုပ်ငန်းများ | | |
| | – ဂျစ်ပဆန်ထည့်သွင်း၍ မြေပြုပြင်ခြင်း | ၄၀ ဧက | – |
| | – ထုံးထည့်၍ မြေပြုပြင်ခြင်း | – | ၅၀ ဧက |
| ၃။ | နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း | | |
| | – နည်းပညာပေးသင်တန်း | (၁၀) ကြိမ်<br>၁၄၈ ဦး | (၃၅) ကြိမ်<br>၈၀၉ ဦး |
| ၄။ | မြေဩဇာစစ်ဆေးခြင်းလုပ်ငန်းများ | (၇) မြို့နယ်<br>(၂၄၄) ဆိုင် | (၇) မြို့နယ်<br>(၂၄၅) ဆိုင် |
| ၅။ | ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (IHTDV) မြေနမူနာယူခြင်း | ၆၀ ထုပ်<br>၂၈၅၃ ဧက | ၁၂ ထုပ်<br>၆၀၀ ဧက |

## ၁။ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က) ဓါတ်မြေဩဇာစမ်းသပ်ကွက်ဆောင်ရွက်မှုများ

### (၁ )နှမ်းစပါးသီးနှံ၊ အနည်းလိုအာဟာရစမ်းသပ်ကွက်၊ (ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ)

**ရည်ရွယ်ချက်**

(၁) pH နိမ့်သော မြေချဉ်များတွင် အနည်းလို အာဟာရဓါတ်များ လိုအပ်သည်ကို တောင်သူများ သိရှိနားလည်နိုင်ရန်

(၂) အနည်းလိုအာဟာရဓါတ်များ ထည့်သွင်းခြင်းဖြင့် သီးနှံအထွက်တိုးလာစေရန်

(၃) သီးနှံအထွက်တိုး၍ တောင်သူများ ဝင်ငွေတိုးလာစေရန်

**ပြုမူချက်**

စမ်းသပ်ကွက်ဆောင်ရွက်မည့် မြေအား ဦးစွာမြေနမူနာရယူစစ်ဆေးပြီး ပြုမူချက် Treatment (၆)ခု၊ ထပ်ပြုကြိမ် Replication (၃) ခုဖြင့် အောက်ပါမြေဩဇာနှုန်းထားအတိုင်း ဆောင်ရွက်ထားပါသည်။

| | | | |
|---|---|---|---|
| N | = ၃၉.၄၀ ကီလိုဂရမ် / ဧကေ | S | = ၇.၃၆ ကီလိုဂရမ် / ဧကေ |
| P | = ၁၉.၀၄ ကီလိုဂရမ် / ဧကေ | B | = ၂.၀၀ ကီလိုဂရမ် / ဧကေ |
| K | = ၂၃.၅၂ ကီလိုဂရမ် / ဧကေ | Zn | = ၁.၂၀ ကီလိုဂရမ် / ဧကေ |
| | | $SiO_2$ | = ၁၀.၀၀ ကီလိုဂရမ် / ဧကေ |

## (၁)နွေစပါးသီးနှံ၊ အနည်းလိုအာဟာရစမ်းသပ်ကွက်
## (ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ)

| ပြုမူချက် | အထွက်နှုန်း (တင်း/ဧက) | အထွက် နှိုင်းယှဉ်ချက် | သုံးသပ်ချက် |
|---|---|---|---|
| NPK (control) | ၁၀၄.၂၀ | | စမ်းသပ်ကွက်တွေ့ရှိမှုအရ (NPK+S+B+Zn+Si) ထည့်သောအကွက်သည် (NPK)ထည့်သော အကွက် ထက်(၂.၉၄)တင်း၊ (NPK+S) အကွက်သည် (၂.၆၇)တင်း၊ (NPK+B) အကွက်သည်(၂.၆၃)တင်း၊ ပိုမိုထွက်ရှိခဲ့ပြီး၊ (NPK+Zn) နှင့် (NPK+Si) အကွက်သည် အထွက်နှုန်းထူးခြားမှုမရှိကြောင်း တွေ့ရှိရပါသည်။<br><br>စမ်းသပ်ကွက်ဆောင်ရွက်သောမြေသည် သဲဆန်သောမြေအမျိုးအစားဖြစ်ပါသည်။<br>စမ်းသပ်ကွက်တွေ့ရှိချက်အရ အနည်းလို အာဟာရဓါတ်ထည့်သွင်းပေးခြင်းသည် အထွက်နှုန်း တိုးစေကြောင်းသုံးသပ်ရရှိပါသည်။ |
| NPK+S | ၁၀၆.၈၇ | + ၂.၆၇ | |
| NPK+B | ၁၀၆.၈၃ | + ၂.၆၃ | |
| NPK+Zn | ၁၀၂.၂၀ | – ၂.၀၀ | |
| NPK+Si | ၁၀၀.၃၅ | – ၃.၈၅ | |
| NPK+SBZnSi | ၁၀၇.၁၄ | + ၂.၉၄ | |

# နွေစပါးသီးနှံ၊ အနည်းလိုအာဟာရစမ်းသပ်ကွက်
(ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ)













# နွေစပါးသီးနှံ၊ အနည်းလိုအာဟာရစမ်းသပ်ကွက်
# (ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ)












## (၂) မိုးစပါးသီးနှံ၊ ရွက်ဖျန်းမြေဩဇာစမ်းသပ်ကွက်
## (ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာ)

### ရည်ရွယ်ချက်

(၁) ရွက်ဖျန်းမြေဩဇာအမျိုးအစားအလိုက် နှုန်းထားအမျိုးမျိုးဖြင့် ထည့်သွင်းခြင်းဖြင့် ရရှိနိုင်သော အထွက်နှုန်းကို ဆုံးဖြတ်ရန်

(၂) ရွက်ဖျန်းမြေဩဇာ ဖျန်းပက်ရမည့် အချိန်နှင့်ပမာဏကို သိရှိနိုင်ရန်

(၃) အပင်အာဟာရဓါတ်များ အချိန်ကိုက် အချိုးကျ သုံးစွဲခြင်းဖြင့် သီးနှံအထွက်နှုန်းတိုးလာစေရန်

(၄) တောင်သူများ စီးပွားရေးတွက်ခြေကိုက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးလာစေရန်

### ပြုမူချက်

မိုးစပါးရွက်ဖျန်းမြေဩဇာစမ်းသပ်ကွက်ကို ပြုမူချက် Treatment (၄)ခုနှင့် ထပ်ပြုကြိမ် Replication (၃) ခုဖြင့် အောက်ပါမြေဩဇာနှုန်းထားအတိုင်း ဆောင်ရွက်ထားပါသည်။

Control – Compound (၁၅:၁၅ :၁၅) တစ်အိတ်နှင့် Urea တစ်အိတ်

N = ၁၃၄ ကီလိုဂရမ် / ဧက , P = ၃၈ ကီလိုဂရမ် / ဧက , K = ၅၆ ကီလိုဂရမ် / ဧက နှင့်

DAP နှင့် $KNO_3$ ( ၂ % ) ဖျော်ရည်ကို အပင်ဖြစ်ထွန်းချိန် (၁) ကြိမ်၊ မှို့ကပ်ချိန် ( ၁ ) ကြိမ်နှင့် နို့ရည်တည်ချိန် ( ၁ ) ကြိမ် ပက်ဖျန်းခဲ့ပါသည်။

# (၂)မိုးစပါးသီးနှံ၊ ရွက်ဖျန်းမြေဩဇာစမ်းသပ်ကွက်

## (ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာ)

| ပြုမူချက် | အထွက်နှုန်း (တင်း/ဧက) | အထွက် နှိုင်းယှဉ်ချက် | သုံးသပ်ချက် |
|---|---|---|---|
| Control | ၉၁.၂၃ | | ➢ စမ်းသပ်ကွက်တွေ့ရှိမှုအရ ( NPK+ DAP) ထည့် သောအကွက်သည် (Control)အကွက်ထက် (၁၆.၁၁) တင်း၊ ( NPK+$KNO_3$ ) အကွက်သည် (၈.၇၇) တင်း၊ (NPK) အကွက်သည် (၀.၅၀)တင်း၊ ပိုမိုထွက်ရှိခဲ့ပြီး၊ (Control) နှင့် (NPK) အကွက် တို့သည် အထွက်နှုန်း သိသာစွာကွာခြားမှု မရှိ ကြောင်း တွေ့ရှိရပါသည်။<br>➢ (NPK+DAP) အကွက်သည် အထွက်နှုန်း အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။<br>➢ pH နိမ့်သောမြေများတွင် သီးနှံပင်မှ အာဟာရ ရရှိမှုနည်းသည့်အခြေအနေ၌ DAP နှင့် $KNO_3$ ရွက်ဖျန်းမြေဩဇာ အသုံးပြုခြင်းသည် အထွက် နှုန်းတိုးစေကြောင်းတွေ့ရှိရပါသည်။ |
| NPK | ၉၁.၇၃ | + ၀.၅၀ | |
| NPK+$KNO_3$ | ၁၀၀.၀၀ | + ၈.၇၇ | |
| NPK+DAP | ၁၀၇.၃၄ | + ၁၆.၁၁ | |

# မိုးစပါးသီးနှံ၊ ရွက်ဖျန်းမြေသြဇာ စမ်းသပ်ကွက်
## (ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာ)












# မိုးစပါးသီးနှံ၊ ရွက်ဖျန်းမြေဩဇာ စမ်းသပ်ကွက်

## (ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာ)









# (၃) မိုးစပါးသီးနှံ၊ ဓါတ်မြေဩဇာထောက်ခံနှုန်းထားစမ်းသပ်ကွက်

## (ရေဖြူမြို့နယ်၊ နတ်တွင်းကျေးရွာ)

## ရည်ရွယ်ချက်

(၁) ဓါတ်မြေဩဇာထောက်ခံနှုန်းထားအတိုင်း ထည့်သွင်းပေးခြင်းဖြင့် မျှော်မှန်းအထွက်နှုန်း ရရှိလာစေရန်
(၂) ဓါတ်မြေဩဇာလေလွင့်ဆုံးရှုံးမှုမရှိစေရန်
(၃) မြေဩဇာထည့်သွင်းရမည့် အချိန်နှင့်ပမာဏကို သိရှိနိုင်စေရန်
(၄) ထောက်ခံနှုန်းထားအတိုင်း ထည့်သွင်းရန် လိုအပ်ကြောင်း သိရှိလာစေရန်

## ပြုမူချက်

မိုးစပါးရွက်ဓါတ်မြေဩဇာထောက်ခံနှုန်းထားစမ်းသပ်ကွက်ကို ပြုမူချက် Treatment (၄)ခုနှင့် ထပ်ပြုကြိမ် Replication (၃) ခုဖြင့် အောက်ပါမြေဩဇာနှုန်းထားအတိုင်း ဆောင်ရွက်ထားပါသည်။

| Treatment | Urea kg/ac | T–Super kg/ac | Potash kg/ac | Compound kg/ac |
|---|---|---|---|---|
| T 1 တောင်သူနှုန်းထား | ၅၀ | – | – | ၅၀(၁၅:၁၅:၁၅) |
| T 2 ပျမ်းမျှနှုန်းထား | ၅၀ | ၂၅ | ၂၅ | – |
| T 3 ဓါတ်ခွဲအမြေ ထောက်ခံနှုန်းထား | ၁၈၉ | ၅၆ | ၁၅၇ | – |
| T 4 ဗလာကွက် | – | – | – | – |

## တွေ့ရှိချက်

➢ ဆောင်ရွက်ဆဲဖြစ်ပါသည်။


## (၃) မိုးစပါးသီးနှံ၊ ဓါတ်မြေဩဇာထောက်ခံနှုန်းထားစမ်းသပ်ကွက်
## (ရေဖြူမြို့နယ်၊ နတ်တွင်းကျေးရွာ)













# (၄ )မိုးစပါးသီးနှံ၊အနည်းလိုအာဟာရစမ်းသပ်ကွက်

# (ရေဖြူမြို့နယ်၊နတ်တွင်းကျေးရွာ)

## ရည်ရွယ်ချက်

(၁) pH နိမ့်သော မြေချဉ်များတွင် အနည်းလို အာဟာရဓါတ်များ လိုအပ်သည်ကို တောင်သူများ သိရှိနားလည်နိုင်ရန်

(၂) အနည်းလိုအာဟာရဓါတ်များ ထည့်သွင်းခြင်းဖြင့် သီးနှံအထွက်တိုးလာစေရန်

(၃) သီးနှံအထွက်တိုး၍ တောင်သူများ ဝင်ငွေတိုးလာစေရန်

## ပြုမူချက်

စမ်းသပ်ကွက်ဆောင်ရွက်မည့် မြေအား ဦးစွာမြေနမူနာရယူစစ်ဆေးပြီး ပြုမူချက် Treatment (၆)ခု၊ ထပ်ပြုကြိမ် Replication (၃) ခုဖြင့် အောက်ပါမြေဩဇာနှုန်းထားအတိုင်း ဆောင်ရွက်ထားပါသည်။

N = ၃၉.၄၀ ကီလိုဂရမ် / ဧက S = ၇.၃၆ ကီလိုဂရမ် / ဧက

P = ၁၉.၀၄ ကီလိုဂရမ် / ဧက B = ၂.၀၀ ကီလိုဂရမ် / ဧက

K = ၂၃.၅၂ ကီလိုဂရမ် / ဧက Zn = ၁.၂၀ ကီလိုဂရမ် / ဧက

$SiO_2$ = ၁၀.၀၀ ကီလိုဂရမ် / ဧက

pH = ၄.၉

## တွေ့ရှိချက်

- ဆောင်ရွက်ဆဲဖြစ်ပါသည်။

# မိုးစပါးသီးနှံ၊ အနည်းလိုအာဟာရစမ်းသပ်ကွက်
# (ရေဖြူမြို့နယ်၊နတ်တွင်းကျေးရွာ)








## (ခ) စံပြကွက်ဆောင်ရွက်မှုများ

### (၁)နွေစပါးသီးနှံ၊ $KNO_3$ ပက်ဖျန်းခြင်း စံပြကွက်၊ (ထားဝယ်မြို့နယ်၊ဇဟာကျေးရွာ)

**ရည်ရွယ်ချက်**

၁။ အပင်မှ အာဟာရဓါတ်များကို လျင်မြန်လွယ်ကူစွာ ထောက်ပံ့ပေးနိုင်ရန်။

၂။ မြေဆီလွှာအခြေအနေအရ အပင်မှ အာဟာရဓါတ်စုပ်ယူမှု မလွယ်ကူသော အခြေအနေမျိုးတွင် အာဟာရဓါတ်ချို့တဲ့မှုကို ကာကွယ်ရန်။

၃။ သဲဆန်သော အစိုဓါတ်ဆုတ်လွယ်သည့် မြေများတွင် သီးနှံပင်ထိခိုက်ခြင်း ခံရမှုသက်သာစေရန်။

**တွေ့ရှိချက်**

- pH နိမ့်သည့် သီးနှံပင်မှအာဟာရရရှိနည်းသည့်အခြေအနေတွင် $KNO_3$ ရွက်ဖျန်းမြေဩဇာ အသုံးပြုခြင်းသည် အထွက်နှုန်းကို (၈.၃၁)တင်း ပိုမိုအထွက်တိုးစေကြောင်းတွေ့ရှိရပါသည်။

**အကျိုးကျေးဇူး**

- တောင်သူစီးပွားရေးတွက်ခြေကိုက်ပြီး တစ်ဦးချင်းဝင်ငွေတိုးစေသည်။

# နွေစပါးသီးနှံ၊ $KNO_3$ ပက်ဖျန်းခြင်း စံပြကွက်

## ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ










## (၂)မိုးစပါးသီးနှံ၊ ဂျစ်ပဆန်ထည့်သွင်းခြင်းစံပြကွက်

## (လောင်းလုံးမြို့နယ်၊သဗျာကျေးရွာ)

### ရည်ရွယ်ချက်

၁။ သီးနှံပင်အတွက် လိုအပ်သည့် ကယ်လစီယမ်(Ca)နှင့် ဆာလ်ဖာ(S)ဓါတ်များ ရရှိပြီး သီးနှံအထွက်တိုးစေရန်

၂။ မြေသားဖွဲ့စည်းမှု ပိုမိုကောင်းမွန်လာစေရန်

၃။ ကယ်လစီယမ်(Ca)ဓါတ် ရရှိခြင်းဖြင့် ပင်စည်မာလာပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိလာစေရန်

### ပြုမူချက်

- မြေခံတွင် ထည့်သွင်းခြင်းဖြစ်ပါသည်။

### တွေ့ရှိချက်

- ဆောင်ရွက်ဆဲဖြစ်ပါသည်။

# မိုးစပါးသီးနှံ၊ ဂျစ်ပဆန်ထည့်သွင်းခြင်းစံပြကွက်

## (လောင်းလုံးမြို့နယ်၊ သဗျာကျေးရွာ)









## မြေဆီလွှာပြုပြင်ရေးလုပ်ငန်းများ

## ( က ) မိုးစပါးသီးနှံ၊ ဂျစ်ပဆန်ထည့်၍မြေပြုပြင်ခြင်းစံပြကွက်

## (ထားဝယ်မြို့နယ်၊ဇဟာကျေးရွာ)

### ရည်ရွယ်ချက်

၁။ အသီးအပွင့်များကြွေခြင်းကို ကာကွယ်ရန်၊
၂။ ပင်စည်နှင့်အမြစ်များသန်မာစေရန်၊
၃။ ဂျစ်ပဆန်တွင် ပါဝင်သော Ca နှင့် S ကြောင်း မြေဆီလွှာတွင်အာဟာရတိုးစေရန်၊
၄။ အသင့်တင့်လိုအပ်သောအာဟာရများ ထည့်ခြင်းဖြင့် သီးနှံအရည်အသွေးကောင်းစေရန်၊
၅။ သီးနှံအထွက်နှုန်းတိုးစေရန်နှင့် ပင်စည်မာလာပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိစေရန်၊

### တွေ့ရှိချက်

- မြေခံတွင်ထည့်သွင်းခြင်းသည် အရွက်အရောင်ကောင်းပြီး အောင်စေ့ရာခိုင်နှုန်း ကောင်းခြင်းကြောင့် အထွက်နှုန်းပိုလာစေသည်ကို တွေ့ရပါသည်။

### အကျိုးကျေးဇူး

- အထွက်နှုန်းပိုမိုထွက်ရှိပြီး တောင်သူဝင်ငွေတိုးစေသည်။
- ဂျစ်ပဆန်တွင် ပါဝင်သော Ca ကြောင်း မြေဆီလွှာ၏ ရူပဂုဏ်သတ္တိကောင်းစေသည်။

# မိုးစပါးသီးနှံ၊ ဂျစ်ပဆန်ထည့်၍ မြေပြုပြင်ခြင်းစံပြကွက်

## (ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ)












## ( ၁ ) မိုးစပါးသီးနှံ၊ ထုံးထည့်၍ မြေပြုပြင်ခြင်းစံပြကွက်

(လောင်းလုံးမြို့နယ်၊ သာယာကုန်းကျေးရွာ)

### ရည်ရွယ်ချက်

၁။ pH ပိုမိုမြင့်တက်လာပြီး သီးနှံပင်မှ အာဟာရဓါတ်များ ပိုမိုစုပ်ယူလာနိုင်စေရန်

၂။ အနည်းလိုအာဟာရဓါတ်များ ရရှိစေရန်

၃။ ကယ်လစီယမ် ( Ca ) ဓါတ်ရရှိခြင်းဖြင့် ပင်စည်မာလာပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိစေရန်

၄။ မြေတွင်းရှိ အဏုဇီဝများ ရှင်သန်မှု ကောင်းလာစေရန်

၅။ မြေသားဖွဲ့စည်းမှု ပိုမိုကောင်းမွန်လာစေရန်

### ပြုမူချက်

- စံပြကွက်မြေအား မြေနမူနာယူပြီး ဓါတ်ခွဲစမ်းသပ်ကာ pH တိုင်းတာခဲ့ပါသည်။ pH (၄.၈၉) ဖြစ်ပါသည်။ မစိုက်ပျိုးမီ (၁)လကြိုတင်ကာ ထုံးထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

### တွေ့ရှိချက်

- ဆောင်ရွက်ဆဲဖြစ်ပါသည်။

# မိုးစပါးသီးနှံ၊ ထုံးထည့်၍ မြေပြုပြင်ခြင်းစံပြကွက်

## (လောင်းလုံးမြို့နယ်၊ သာယာကုန်းကျေးရွာ)









# မြေသြဇာအရောင်းဆိုင်များ စစ်ဆေးခြင်းလုပ်ငန်း

## ထားဝယ်ခရိုင်










# မြေသြဇာအရောင်းဆိုင်များ စစ်ဆေးခြင်းလုပ်ငန်း

## မြိတ်ခရိုင်








## ကော့သောင်းခရိုင်







# နည်းပညာပေးသင်တန်းများ









# CERP အစီအစဉ်ဖြင့် မျိုးစေ့ထုတ် တောင်သူများအား နည်းပညာပေးသင်တန်း











# မြေနမူနာယူခြင်း









# လမ်းညွှန်မှုကို ခံယူပါသည်။